ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

12.4.2023

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၁၉) ဦး	(၄၀) ဦး

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

ချင်းပြည်နယ်

ဧပြီလ(၁၀)ရက်နေ့ညနေ(၆)နာရီခန့်တွင် မင်းတပ်မြို့နယ်၊ မင်းတပ်မြို့အနီး (၉)မိုင်တွင် ရန်သူ့တပ်နှင့် CDF-Mindatတို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ရန်သူ့ဘက်မှ (၃)ဦး သေဆုံးခဲ့ကာ CDF-Mindat ဘက်မှ အထိအခိုက်မရှိ ပြန်လည်ဆုတ်ခွာနိုင်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်

ဧပြီလ(၁၁)ရက်နေ့နံနက်ပိုင်းတွင် မြဝတီမြို့နယ်၊မဲကနယ်ကျေးရွာအုပ်စု၊တုံးတံတားကျေးရွာ၊BGFတပ်ရင်း ၁၀၂၂အနီးတွင် KNLA ပူးပေါင်းကော်ဘရာ စစ်ကြောင်း၊ တပ်မဟာ(၆) KNU/KNLA၊ ကျားသစ်နက် စစ်ကြောင်း၊ Golden Eagle၊ ရောင်နီ၊ Federal Wings ပူးပေါင်းတပ်ဖွဲ့များနှင့် စကစ-BGF တပ်များ အကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။

မကွေးတိုင်း

ဧပြီလ(၁၀)ရက်နေ့ညနေ(၅:၅၅)နာရီခန့်တွင် ဆိတ်ဖြူမြို့နယ်၊ ထမ္မကောက်ကျေးရွာအနီးတွင် ရန်သူ့တပ်၏ ကပစ(၂၂)သို့ သွယ်တန်းထားသော မီးတိုင် (၈) တိုင်ကို ပြုပြင်ရန်ရောက်လာသော ရန်သူ့တပ်သား (၁၅)ဦးကို ပြည်သူ့ကာကွယ်ရေးတပ်မတော်(ဂန့်ဂေါခရိုင်) တပ်ရင်းအမှတ် (၅)က တိုက်ခိုက်ခဲ့ရာ ရန်သူ့တပ်ဖွဲ့ဝင် (၃)ဦး ပြင်းထန်ဒဏ်ရာရခဲ့ပြီး PDF တပ်ဖွဲ့ဝင်များ အထိခိုက်အကျဆုံးမရှိ ပြန်လည်ဆုတ်ခွာနိုင်ခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မန္တလေးတိုင်း

ဧပြီလ(၁၀)ရက်နေ့တွင် တောင်သာမြို့နယ်၊ တပင်ကန်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အပေါင်းအပါ (၂)ဦး လိုက်ပါလာသော ကားကို ညောင်ဦး - မြင်းခြံ - လမ်းရှိ ကျော၁၆ - တမိုက်သာကြားတွင် ပြည်သူ့ကာကွယ်ရေးတပ်မတော်(မြင်းခြံခရိုင်)အမှတ် (၃) တပ်ရင်း၊ မြင်းခြံခရိုင် အမှတ် (၁)တပ်ရင်း Burmese Guerrilla Force - BGF၊ Zero - Nine ပြောက်ကျားတပ်ဖွဲ့တို့က ပူးပေါင်း၍ မိုင်းဆွဲ တိုက်ခိုက်ခဲ့ရာ အဆိုပါ (၃)ဦးလုံး သေဆုံးခဲ့ပြီး ကားတိမ်မှောက်သွားခဲ့ကာ ၎င်းတို့ (၃)ဦး ကိုင်ဆောင်သော ကာဘိုင်(၃)လက်ကိုပါ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်း

ဧပြီလ(၁၀)ရက်နေ့မနက်(၉:၃၀)နာရီခန့်တွင် ခရမ်းမြို့နယ်၊ ပိန်းကန်ရဲစခန်းကို တာဝေးပစ်လက်နက်ဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ရာ ရန်သူ့တပ်ဖွဲ့ဝင်(၂)ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။ စခန်းမှူးအိမ် ခေါင်မိုးပေါ်နှင့် အိမ်ရှေ့သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ရဲစခန်းခြံစည်းရိုးနှင့်ကင်းစောင့်တဲ ပျက်စီးမှု ရှိခဲ့ကာ ရဲစခန်းက တပ်ကို ဖုန်းဆက်ခေါ်ခဲ့သဖြင့် ရန်သူ့တပ်သားများ ရောက်ရှိချိန်တွင် မပေါက်ကွဲသေးသည့် ၁လုံးပေါက်ကွဲခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်း

- ဧပြီလ(၁၁)ရက်နေ့ ည(၉:၃၀)နာရီခန့်တွင် သဲကုန်းမြို့နယ်၊ ဇီးကုန်းအုပ်စု၊ ရွာထောင်ကုန်းရွာ ထိပ် အနီးတွင် ဘောလုံးပြိုင်ပွဲ၌ လုံခြုံရေးယူပြီး သဲကုန်းမြို့သို့ ဆိုင်ကယ်(၆)စီးနှင့် ပြန်လာသော ရန်သူ့တပ်သားနှင့်ရဲ စုစုပေါင်း(၁၂)ဦးကို ပေါင်းတည်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PPDF)က နန်းထိုက်အောင်စစ်ဆင်ရေးအဖြစ် ရှေ့ထွက်မိုင်း (၁)လုံး၊ ပတ်လည် (၁)လုံးဖြင့်တိုက်ခိုက်ခဲ့ရာ ရန်သူ့တပ်ဖွဲ့ဝင် (၃)ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အခြားဒဏ်ရာအနည်းငယ်ရရှိသူများလည်းရှိခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

- ဧပြီလ(၁၁)ရက်နေ့မနက်(၁၀:၃၀)နာရီခန့်တွင် ကဝမြို့နယ်၊ ရှမ်းကန်-သပြုလမ်းမပေါ်ရှိ ဆက်ကြေး ကောက်ခံရန် ဆိုင်ကယ်ဖြင့် ထွက်လာသော ကဝမြို့မရဲစခန်း မှ ရဲတပ်ဖွဲ့ဝင် (၂)ဦးကို ကဝမြို့နယ် ပကဖက ဆိုင်ကယ်ပေါ်မှ အနီးကပ် မျက်နှာချင်းဆိုင် ပစ်ခတ်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် (၁)ဦး သေနတ်ကျည် ထိမှန်၍ နောက်သို့လန်ကျကာ သေဆုံးသွားခဲ့သည်။
- ဧပြီလ(၁၀)ရက်နေ့မနက်(၅)နာရီခန့်တွင် ဖြူးမြို့နယ်၊ ရန်ကုန်-မန္တလေး ကားလမ်းမဟောင်း၊ ကညွတ်ကွင်းတံတားကြီးအနီးတွင် ရန်သူ့တပ်ဖွဲ့ဝင်များကို PDF ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များက မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ရန်သူ့တပ်ဖွဲ့ဝင် (၅)ဦး သေဆုံး၊ (၃၂)ဦး ဒဏ်ရာရရှိခဲ့ကာ PDF တပ်ဖွဲ့ဝင် (၁)ဦးကျဆုံး၊ (၂)ဦး မစိုးရိမ်ရ ဒဏ်ရာများ ရရှိခဲ့သည်။ ထို့နောက် ရန်သူ့တပ်၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် အရပ်သား ပြည်သူ အမျိုးသား (၆)ဦး နှင့် အမျိုးသမီး (၂) ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တနင်္သာရီတိုင်း

ဧပြီလ(၁၀)ရက်နေ့နံနက်ပိုင်းတွင် ထားဝယ်မြို့နယ် ပကာရီရဲစခန်းသို့ ပြည်သူ့ကာကွယ်ရေးတပ်မတော်နှင့် ပူးပေါင်းတပ်ဖွဲ့များက ပစ်ခတ် တိုက်ခိုက်ခဲ့ပြီး စနိုက်ပါဖြင့် ထပ်မံ ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် ရန်သူ့ တပ်သား (၇) ဦးခန့် သေဆုံးနိုင်ကြောင်း သိရသည်။

အာဏာသိမ်းအကြမ်းဖက်စစ်တပ် ကျူးလွန်သော ရာဇဝတ်မှုများ

စစ်ကိုင်းတိုင်း

ဧပြီလ(၁၁)ရက်နေ့မနက်ပိုင်းတွင် ကန့်ဘလူမြို့နယ်၊ပဇီကြီးကျေးရွာ အနောက်တောင်ရွာဝင်လမ်း၊ကျေးရွာ နှင့်ပေ(၁၂၀)အကွာသို့ တံတားဦးဘက်မှ လာသော Yak-130ဖြင့် ဗုံးသီး (၂)လုံးချ ပစ်ခတ်ခဲ့ပြီး မနက်(၇:၅၀) နာရီတွင် နမခမှ လာသော Mi35 ဖြင့် Rocket (၂)လုံး၊ စက်သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ဒေသခံပြည်သူ (၁၆၅)ဦး သေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့သည်။